# အင်္ဂလန်ခရီး မပြီးသေးပါ (၅)

အရှင်ဉာဏိက

ဇွန်လ ၃ ၊ ၂၀၀၉



ဒီနေ့ ဂရင်းနစ်ကိုသွားခဲ့တယ်။ ဂရင်းနစ်ဆိုတဲ့နာမည်က အားလုံးနဲ့ မစိမ်းတဲ့နာမည်။ လူသားအားလုံးရဲ့ နေ့စဉ်ဘဝ လှုပ်ရှားသွားလာမှု၊ ရှင်သန်နေထိုင်မှုမှာ အချိန်ကာလဆိုတာနဲ့ မကင်းတတ်ကြဘူး မဟုတ်လား။ အလုပ်တက်ချိန်၊ အလုပ်ဆင်းချိန်၊ ဈေးသွားဈေးလာချိန်၊ ကျောင်းတက်ကျောင်းဆင်းချိန်၊ တရားနာချိန်၊ တရားမှတ်ချိန်၊ အိပ်ချိန်၊ နံနက်စာ ညစာစားချိန် စသဖြင့် လူသားတစ်ယောက်ရဲ့ နေ့စဉ်လှုပ်ရှားမှုများကို အချိန်ကာလနဲ့ သတ်မှတ်ကြတယ်။ လူတစ်ယောက်ရဲ့လုပ်အားကိုလည်း အချိန်ကာလနဲ့ တိုင်းတာတတ်ကြတယ်။ ဒီအချိန်ကာလဆိုတာကို သတ်မှတ်မှုမှာ ကျေနပ်နှစ်သက်သည်ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ၊အများသဘောတူထားကြတဲ့ စံနှုန်းတစ်ခုရှိတယ်။ အဲဒါကတော့ ဂရင်းနစ်စံတော်ချိန်ဆိုတာပေါ့။

အချိန်ဆိုတာအပေါ် သိပ်ပြီးလေးလေးနက်နက်မရှိလှတဲ့ ကိုယ်ကတော့ ဂရင်းနစ်စံတော်ချိန်ရဲ့ သဘောသဘာဝကို ကောင်းကောင်းနားမလည်သလို နားလည်အောင်လည်း ကြိုးစားဖို့ စိတ်မဝင်စားလှပါဘူး။ သို့ပေမယ့် သည်ဂရင်းနစ်ကိုအခြေခံတဲ့ နေ့ညသတ်မှတ်မှုများ၊ အချိန်ကာလ သတ်မှတ်မှုများကတော့ ကိုယ့်ဘဝအပေါ်မှာ တစ်နည်းနည်းအားဖြင့်တော့ ပြဋ္ဌာန်းလွှမ်းမိုးနေလေရဲ့။ ဒါကြောင့်လန်ဒန်ကိုရောက်ခိုက် အထင်ကရနေရာများကို သွားဖို့ဆုံးဖြတ်တော့ သည်ဂရင်းနစ်ဆိုတဲ့ နေရာလေးက ထိပ်ဆုံးက ပါဝင်လာတယ်။ သွားသင့်သွားထိုက်တဲ့နေရာတွေကို လိုက်ပါပို့ဆောင်ကြတဲ့ လန်ဒန်နေအိမ်ရှင်များရဲ့ ဦးစားပေးစာရင်းထဲမှာလည်း ပါဝင်ခဲ့တယ်။ ဂရင်းနစ်က သမိုင်းဝင်နေရာတစ်ခုပေကိုး။

ဂရင်းနစ်ဆိုတဲ့ မြို့လေးက လန်ဒန်ရဲ့အရှေ့တောင်အရပ်ဆီမှာ ရှိပါတယ်။ သိမ်းမြစ်ရဲ့တောင်ဘက်ကမ်းခြေမှာတည်ရှိတဲ့ မြို့ငယ်လေး။ ပရိုင်းမီရီဒီယံခေါ်တဲ့ ဇီးရိုး(သုည) လောင်ဂျီတုဒ်မျဉ်းပေါ်မှာ တည်ရှိတဲ့မြို့ပေါ့။ အင်နာနေရှင်နယ်ဒိတ်လိုင်းခေါ် ကမ္ဘာကြီးကို အရှေ့ခြမ်းအနောက်ခြမ်း ခွဲခြားသတ်မှတ်တဲ့ ၁၈၀ ဒီဂရီလောင်ဂျီတုဒ်မျဉ်းကြောင်းနဲ့ ဆန့်ကျင်ဖက်အရပ်မှာ ရှိတယ်လို့ ဆိုနိုင်တဲ့ အရပ်မှာပေါ့။ ဂရင်းနစ်မှာ သမိုင်းဝင်ပြီး ဗိသုကာပညာရှင်များရဲ့ ဖွဲ့စည်းပုံဆန်းပြားတဲ့ အဆောက်အဦများရဲ့ တည်ဆောက်ဟန်များကြောင့် ၁၉၉၇ ခုနှစ်ကစပြီး ကမ္ဘာ့ကုလသမဂ္ဂရဲ့ ယူနက်စကိုကနေ ဂရင်းနစ်ဒေသကို ကမ္ဘာ့သမိုင်းဝင်နေရာတွေထဲမှာ ထည့်သွင်းခဲ့ပါတယ်။ ဒီတော့ ဂရင်းနစ်ဟာ ခုတော့လည်း ကမ္ဘာ့သမိုင်းဝင်နေရာတစ်ခုအဖြစ် ကမ္ဘာအရပ်ရပ်က ခရီးသွားများရဲ့ တကူးတက လာရောက်ကြည့်ရှုရတဲ့ နေရာတစ်ခု ဖြစ်နေပြီပေါ့။ မှတ်တမ်းပြုမှုမှာ ထူးခြားလှတဲ့ အင်္ဂလိပ်တွေရဲ့ အစွမ်းအစနဲ့ ကိုယ့်နိုင်ငံကိုယ့်ဒေသရဲ့ ဂုဏ်

ယူဖွယ် ရှေးဟောင်းအလှတွေကို စနစ်တကျ ထိမ်းသိမ်းတတ်မှုများရဲ့ အကျိုးဆက်တွေကလည်း ခုလို ဂရင်းနစ် ကမ္ဘာကျော်စေဖို့ အထောက်အပံ့ကောင်းတွေလည်း ဖြစ်မှာပေါ့။

ကိုယ်ကတော့ ဂရင်းနစ်ကိုရောက်ခိုက် ကြံကြံဖန်ဖန် ဆရာတော်ဦးဗုဒ်နဲ့ အမတ်ကြီးဦးပေါ်ဦးတို့အကြောင်းကို သွားသတိရမိတယ်။ ဟုတ် မဟုတ်၊ မှန် မမှန်တော့ မသိဘူးပေါ့။ ကိုယ်တို့လူမျိုးက စာနဲ့ပေနဲ့သာ စနစ်တကျ မှတ်တမ်းမတင်တတ်တာ။ ရှေးလူကြီးပြောစကားဆိုတဲ့ ပါးစပ်ရာဇဝင်ကတော့ ကြွယ်ဝလှ မဟုတ်လား။ မှန်တာလည်းရှိ။ မမှန်တာလည်းရှိ။ ဆရာတော်ဦးဗုဒ်က မိန့်ကြားဘူးတယ်တဲ့။ ‘အရှင်မဟာဗုဒ္ဓဃောသက အလျင်ဖွားလို့ပေါ့ကွာ၊ အရှင်မဟာဗုဒ္ဓဃောသရဲ့အလျင်သာ သူဖွားခဲ့လျင် အရှင်မဟာဗုဒ္ဓဃောသရေးတဲ့ အဋ္ဌကထာကျမ်းစာတွေကို သူရေးမှာ’– လို့ မိန့်ဘူးတယ်တဲ့။ အရှင်မဟာဗုဒ္ဓဃောသဆိုတာကတော့ ခုခေတ် ထေရဝါဒပိဋကသမိုင်းမှာ ဗုဒ္ဓပြီးလျင် အထင်ရှားဆုံးဆရာတော်တစ်ပါး။ ရှေးဆရာစဉ်ဆက်စကားအရ ပြောရလျင် ဗုဒ်စ၊ ဗုဒ်လယ်၊ ဗုဒ်ဆုံး ဆိုပြီး သုံးပါးရှိရာမှာ ဗုဒ်လယ်လို့ ညွှန်းဆိုရတဲ့ မထေရ်မြတ်တစ်ပါး။ ဗုဒ္ဓဟောကြားတော်မူခဲ့တဲ့ ပါဠိတော်များကို နောင်လာနောက်သားတွေ ပိုမိုနားလည်လွယ်အောင် အနက်အဓိပ္ပါယ်ဖွင့်ဆိုချက်ဆိုင်ရာများကို ပါဠိဘာသာနဲ့ ရေးသားခဲ့တဲ့ အရှင်မြတ်တစ်ပါး။ ဗုဒ်ဆုံးလို့သတ်မှတ်ခံရတဲ့ ဆရာတော်ဦးဗုဒ်ကတော့ ပါဠိတော်များကို နိဿယ(မြန်မာဘာသာ) ပြန်ဆိုရာမှာ အထူးထင်ရှားတဲ့ ဆရာတော်တစ်ပါးပေါ့။

ကုန်းဘောင်ရာဇဝင်ကိုပြောလေတိုင်း ဘကြီးတော်(မှန်နန်းရှင်) မင်းတရားကြီးရဲ့ မိဘုရားခေါင်ကြီး နန်းမတော်မယ်နုအကြောင်းကို ချန်ထားလို့ မရနိုင်ပါဘူး။ တဆက်တည်းမှာပဲ နန်းမတော်မယ်နုနဲ့ ဆရာတော်ဦးဗုဒ်တို့ရဲ့ ဆရာဒကာဆက်ဆံရေးကို စံယူဖွယ်အဖြစ် ပြောတတ်ကြတယ်။ ဦးဗုဒ်ကိုသတိရမိတာကတော့ ဦးဗုဒ်လိုပဲ ကိုယ်လည်း ‘အင်းပေါ့လေ။ အင်္ဂလိပ်တွေက သူတို့ရဲ့ ဂရင်းနစ်မြို့လေးကို ဗဟိုပြုပြီး တကမ္ဘာလုံးက လက်ခံကြရတဲ့ ဂရင်းနစ်စံတော်ချိန်ကို သတ်မှတ်ခဲ့ကြလို့ပေါ့။ နို့မဟုတ်လို့ကိုယ်သာ သူတို့အလျင်မွေးလို့ အချိန်သတ်မှတ်ရမယ်ဆိုလျင် ကိုယ်မွေးဖွားခဲ့တဲ့ ဟိုအဝေး မြန်မာနိုင်ငံ အညာဒေသက ရေဦးဆိုတဲ့မြို့လေးကို ဗဟိုပြုလို့ ရေဦးစံတော်ချိန်ရယ်လို့ သတ်မှတ်မှာပေါ့’ လို့တွေးမိလို့ပါ။ မရယ်နဲ့နော်။ ဒါ တကယ်တွေးမိတာကို ပြောတာ။ နောက်ပြီးကိုယ်က နန်းမတော်မယ်နု နန်းကျပြီး အသတ်ခံရဆဲနီးနီးမှာ ဆရာတော်ထံဝင်ရောက်ဖူးမြင်တော့ ဆရာတော်ဦးဗုဒ်ရဲ့ ‘မိနုရယ်၊ ဝဋ်ရှိလျင်ဖြင့် ခံရမှာပေါ့’ ဆိုတဲ့ စကားတစ်ခွန်း ကြားရရုံမျှနဲ့ ‘မိနုတို့ လူဖြစ်ကျိုးနပ်ပြီ၊ သေပျော်ပါပြီ’ ဆိုပြီး ရဲရဲတောက် ဥဒါန်းကျူးရင့်ခဲ့တဲ့ မိဘုရားခေါင်ကြီး နန်းမတော်မယ်နုရဲ့ဇာတိ ရေဦးမြို့နယ်၊ ဖလံခုံရွာသား။ သမိုင်းနဲ့လာတာ။ သမိုင်းတွေ၊ အစဉ်အလာတွေကို တန်ဖိုးထားတတ်ကြတဲ့ အင်္ဂလိပ်တွေကို ကိုယ်လည်း သမိုင်းအစဉ်အလာနဲ့ပါဆိုတာကို ပြောရာလည်းရောက်သွားအောင်ပေါ့လို့ တွေးမိတယ်။ ဒီလိုဆိုတော့ သမိုင်းကို တန်ဖိုးထားတဲ့အင်္ဂလိပ်တွေက ကိုယ့်ကိုကောင်းချီးများပေးလေဦးမလား မသိနိုင်ဘူး။

အမတ်ကြီးဦးပေါ်ဦးကလည်း ဘိုးတော်ဦးဝိုင်းကို လျှောက်တင်ဘူးတယ်တဲ့။ ဘိုးတော်က ဦးပေါ်ဦးကို ‘ကမ္ဘာကြီးရဲ့အလယ်ခေါင်တည့်တည့်အရပ်ဟာ ဘယ်မှာလဲ’ ဆိုတော့ နန်းတော်ပေါ်ကဆင်း၊ နန်းတော်လှေခါးခြေရင်းမှာ ငုတ်တတိုင်စိုက်ပြီး ‘ဒီငုတ်တိုင်နေရာဟာ ကမ္ဘာ့အလည်တည့်တည့်ပါ’လို့ လျှောက်တင်သတဲ့။ ဒီတော့ ဘိုးတော်က ဟုတ်ရဲ့လားပေါ်ဦးရယ်ဆိုတော့ မယုံလျင် တိုင်းကြည့်ပါဘုရားလို့ လျှောက်တင်ဘူးသတဲ့။ ခုလည်း ကမ္ဘာကြီးကို အရှေ့အနောက်ခြမ်းရာမှာ ဂရင်းနစ်မျဉ်းနေရာဟာ ကမ္ဘာ့အလယ်ခေါင်တည့်တည့်ပါဆိုတော့ အင်္ဂလိပ်တွေ ကမ္ဘာကို စိုးမိုးချိန်က အင်္ဂလိပ်ဘုရင်တွေအနီးမှာ အမတ်ကြီး ဦးပေါ်ဦးလို မယုံလျင် တိုင်းကြည့်ပါလို့ပြောသူများ ရှိနေလို့လားလို့ ဆိုင်သလား မဆိုင်သလားမသိ၊ သွားလို့ဖြင့် တွေးမိလိုက်ပါသေးတယ်။ ခုတော့ ကိုယ်က သူတို့သတ်မှတ်ထားတဲ့ ကမ္ဘာ့အလယ် မျဉ်းကြောင်းပေါ်မှာ တည့်တည့်မတ်မတ်ရပ်လို့။

ကိုယ်ဂရင်းနစ်ကိုရောက်တော့ အချိန်က ညနေ ၅ နာရီ။ ရှိုင်းရယ် အော်ဘဆတရီပြတိုက်ကတော့ ပိတ်သွားပြီ။ ဂရင်းနစ်မျဉ်းကြောင်းတည်ရှိရာ အော်ဘဆတရီတောင်ကုန်းမှာတော့ ကိုယ်တို့လိုပဲ နောက်ကျလေ့လာသူအချို့နဲ့ စည်ကားနေရဲ့။ ဂရင်းနစ်မျဉ်းပေါ်ရပ်လို့ မှတ်တမ်းတင်သူကတင်၊ မျဉ်းဘေးရေးထားတဲ့ နိုင်ငံစာလုံးတွေထဲမှာ ကိုယ့်နိုင်ငံ

ဘယ်ဆီမှာတည်ရှိလေသလဲလို့  စူးစမ်းသူက စူးစမ်းလို့။ ကမ္ဘာအရပ်ရပ်က လာကြသူတွေဆိုတော့ ရှာဖွေရာ အရပ်တွေလည်း ကွဲပြားခြားနားပေမပေ့ါ။ သူများနည်းတူ ကိုယ်လည်းပဲ ကိုယ့်ရဲ့ရွှေနိုင်ငံဘယ်မှာလည်းလို့ စူးစမ်းမိပါတယ်။ တွေ့ပါပြီ။ **Rangoon 96 °** တဲ့။ ၉၆ ဒီဂရီက ဘာကိုဘယ်လိုညွှန်းဆိုတာတော့ မသိတာအမှန်ပါ။ ကောလိပ်မှာတုံးက ဂျင်နရယ်အကျူကေးရှင်းအဖြစ် မသင်ချင့် သင်ချင် သင်ယူခဲ့ရတဲ့ ဂျီယော်ဂရေဖီဘာသာရပ်ကလည်း ကိုယ့်ခေါင်းထဲမှာ နည်းနည်းလေးမှပင် မထင်ကျန်တော့။ လောင်ဂျီတွတ်နဲ့ လဒ်တီတွတ်တောင်မှ ကွဲကွဲပြားပြား မမှတ်မိတော့။

ဂရင်းနစ်ကုန်းမြင့်ဆီကနေ အရှေ့မြောက်စူးစူးဆီ လှမ်းမျှော်ကြည့်လိုက်တော့ သိမ်းမြစ်ကို လှမ်းလို့မြင်ရတယ်။ နောက်ပြီး အမိုးတစ်ခုတည်းသာရှိတဲ့ အဆောက်အဦများထဲမှာ ကမ္ဘာမှာ အကြီးဆုံးပါလို့ ဂုဏ်ယူကြတဲ့ မီလီနီယံဒုန်း **(The Millennium Dome)** ခေါ်တဲ့ အဝေးကနေကြည့်လျှင် လိပ်ကျောကုန်းပေါ်မှာ ထိုးထိုးထောင်ထောင် ငါးဆူးတောင်ကြီးတွေ တင်ထားသလိုမြင်ရတဲ့ ခေါင်မိုးဝါဝါ အဆောက်အဦကြီးကိုလည်း လှမ်းလို့မြင်နေရတယ်။ သိမ်းမြစ်ကမ်းတလျှောက်မှာတော့ သင်္ဘောကြီးငယ်တွေက အစီအရီ။ တိုက်တာအဆောက်အဦတွေကလည်း အချို့နိမ့်နိမ့်၊ အချို့မြင့်မြင့်။ မိုးတိမ်ညို့ညို့နောက်ခံမှာ ထင်ရှားစွာ လှမ်းလို့မြင်ရ။ တောင်ခြေရှိ ဂရင်းနစ်ပန်းခြံထဲမှာတော့ သစ်ပင်ပေါင်းစုံတို့က စိမ်းစိမ်းစိုစို၊ စီစီရီရီ၊ ညို့ညို့မှိုင်းမှိုင်း။ ကောင်းကင်တစ်ခွင်လုံးလည်း အုံ့ဆိုင်းရီဝေလို့။ အော်ဘဆတရီတောင်ခြေအနီးမှာတော့ ပင်လယ်ရေကြောင်းဆိုင်ရာ သိကောင်းဖွယ်ရာတွေပြသထားတဲ့ **National Maritime Museum** နဲ့ **Queen's House** ဘုရင်မအိမ်(နန်းတော် မဟုတ်) အဆောက်အဦကြီးများက ခန့်ခန့်ထည်ထည်။

ရောက်တုံးရောက်ခိုက် မှတ်မှတ်ရရဖြစ်စေဖို့ ဂရင်းနစ်မျဉ်းကြောင်းပေါ် အမှတ်တရ ဓာတ်ပုံရိုက်နေခိုက်မှာပဲ မိုးစက်မိုးပေါက်အချို့က ကိုယ့်ခေါင်းပေါ်ကျလာတယ်။ ဒီမိုးစက်မိုးပေါက်တွေကို သူ့ပကတိအတိုင်း ကောက်သိမ်းလို့ရလျှင် ကောက်သိမ်းထားလိုက်ချင်သား။ နောင်မှာ အထူးအဆန်းအဖြစ် ပြသလို့ရအောင်ပေ့ါ။ ဟုတ်တယ်လေ။ ဒီမိုးစက်တွေလည်း အဆုံးအစမဲ့ မိုးကောင်းကင်ကြီးရဲ့ အလယ်ခေါင်တည့်တည့်က ကျလာတာမဟုတ်ဘူးလို့ရော ဘယ်သူပြောနိုင်ပ့ါမလဲ နော။ ။

